## ဓမ္မခန္ဓာ (၈၆) အမှောင်ခွင်းသူ (အလ်–တွာရိက်)

ဥဘက်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၆)၊ သုတ်ဒေသနာ (၁၇)ပါး၊

ဦးဒွေးလွှင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالسَّمَاء وَالطَّارِقِ۞**<br>မိုးကောင်းကင်နှင့် လမ်းကြောင်းဖေါက်သူ အားဖြင့်–[၁၄၇] |
| ၂။ | وَمَا أَدْرَاكَ مَا الطَّارِقُ۞<br>လမ်းကြောင်းဖေါက်သူဟူသည် အဘယ်နည်းဟု သင် မည်သို့ မှန်းဆနိုင်မည်နည်း။ |
| ၃။ | النَّجْمُ الثَّاقِبُ۞<br>ယင်းသည် ဖေါက်ထွင်းသော ကြယ်ဖြစ်၏။ |
| ၄။ | **إِن كُلُّ نَفْسٍ لَّمَّا عَلَيْهَا حَافِظٌ۞**<br>ကေန်ပင် ဥဘဉ်စရိုက် ကိုယ်စီ အပေါ်၌ အထိန်းအကွပ် ရှိနေ၏။ |
| ၅။ | **فَلْيَنظُرِ الْإِنسَانُ مِمَّ خُلِقَ۞**<br>သူ့အား မည်သည့် အရာမှ ဖြစ်တည်စေသည်ကို လူသားကို ကြည့်ရှုစေလော့။ |
| ၆။ | **خُلِقَ مِن مَّاء دَافِقٍ۞**<br>သူအား ညှစ်ထုတ်သော ရေမှ ဖြစ်တည်စေ၏။ |
| ၇။ | **يَخْرُجُ مِن بَيْنِ الصُّلْبِ وَالتَّرَائِبِ۞**<br>ယင်းကို ကျောရိုးနှင့် နံရိုးများကြားမှ[၁၄၈] ညှစ်ထွက်စေ၏။ |
| ၈။ | **إِنَّهُ عَلَى رَجْعِهِ لَقَادِرٌ۞**<br>ကေန်ပင် အရှင်သည် သူ့အား ပြန်လှည့်လာရန် စည်းချိန်ချမှတ်ထား၏။ |

---

(၁၄၇) الطَّارِقُ **တွာရိက်** ဆိုသည်ကို ဆရာတော် တစ်ချို့က ထွန်းလင်းတောက်ပသော ကြယ်ဟု ဘာသာပြန်ဆိုကြ၍၊ တစ်ချို့က ညအမှောင်ထုအား ခွင်းလာသူ ဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံးသည် လမ်း၊ လမ်းကြောင်း ဟု အနက်ပေးသည် ق ر ط မှ ဆင်းပွား စကားလုံး ဖြစ်၍ မိရိုးဖလာ အမှောင်ထုကြီးအား အမှောင်ခွင်း အလင်းဆောင်ရန် လမ်းကြောင်းဖေါက် ပွင့်ပေါ်လာသော ကိုယ်တော်မုဟမ္မဒ်အား ပုံ ဆောင်တင်ပြခြင်း ဖြစ်ပေသည်။

(၁၄၈) **التَّرائِب အလ်တရာအိဘ်** (နံရိုးများ) ဆိုသည့် စကားလုံးသည် မူရင်း ب ر ت **တရာဘ** မှ ဆင့်ပွားဖြစ်၍ မြေမှုန့် ဖုံမှုန့်ဟူသော အနက်ကို ပေးသည့် تُرَابٍ **တိုရာဘင်** စကားလုံးနှင့် ရင်းမြစ်တူပေသည်။ ကျမ်းတော်တွင် လူသားအား မြေမှုန့်မှ ဖြစ်တည်စေသည် ဟု မြောက်များစွာနေရာတွင် ပြောဆိုသည်။ လူသားမိဘသည် မြေမှ ဖြစ်သော အစားအစာများအား စားသုံး၍ နောက်ထပ်မျိုးဆက် ပြန့်ပွားရန် ပထဝီဓါတ်အား အရင် သိုလှောင်ရခြင်းကိုလည်း ဆိုလိုသည်။

| | |
|---|---|
| ၉။ | يَوْمَ تُبْلَى السَّرَائِرُ﴿﴾<br>မြုပ်ကွယ်များကို စစ်ဆေးရေးဝင်သော နေ့ကာလ၌- |
| ၁၀။ | فَمَا لَهُ مِن قُوَّةٍ وَلَا نَاصِرٍ﴿﴾<br>သူ့၌ အစွမ်းသတ္တိ၊ အကူအညီ မရှိချေ။ |
| ၁၁။ | وَالسَّمَاء ذَاتِ الرَّجْعِ﴿﴾<br>ပြန်လှည့်နေစေသော ကောင်းကင်ယံအားဖြင့်-[၁၁၄၉] |
| ၁၂။ | وَالْأَرْضِ ذَاتِ الصَّدْعِ﴿﴾<br>ခံစားချက် အက်ကွဲသော မြေကမ္ဘာအားဖြင့်-[၁၁၅၀] |
| ၁၃။ | إِنَّهُ لَقَوْلٌ فَصْلٌ﴿﴾<br>ဧကန် ၎င်းသည်- ရှင်းလင်းဆုံးဖြတ်ချက်- နှုတ်ထွက်တော် ဖြစ်၏။ |
| ၁၄။ | وَمَا هُوَ بِالْهَزْلِ﴿﴾<br>၎င်းသည် ဟာသ မဟုတ်ပေ။ |
| ၁၅။ | إِنَّهُمْ يَكِيدُونَ كَيْدًا﴿﴾<br>သူတို့သည် မဟာဗျူဟာဖြင့် ဗျူဟာချနေကြ၏။ |

**(၁၁၄၉)** တစ်စုံတစ်ခုသော အရာက သူ့ထံသို့သက်ရောက်လျှင် တုံ့ပြန်သော သဘောကို ဆိုလိုသည်။
**(၁၁၅၀)** သစ်ပင် သီးနှံများ ပေါက်ရောက်စေရန် မိမိ၏ ရင်ခွင်အား ခွဲပေးသော မြေဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။ မြေမှ ဖြစ်တည်သော လူသားသည်လည်း- နောက်မျိုးဆက်များအား ရှင်သန်ဖွံ့ဖြိုးစေရင်- မိမိ၏နှလုံးသားအား အတတ်နိုင်ဆုံး ဖွင့်ပေးလျှက် ပြုစုပေးရမည် ဖြစ်သည်။ မိမိ၏ ခေတ်နောက်ကျနေသော အစွဲများအား သာသနာလမ်းစဉ်အဖြစ် သတ်မှတ်လျှက် တရားသေစွဲကိုင်ကာ လူငယ်များအား လမ်းပိတ်ထားခြင်း နှလုံးသား မဖွင့်ပေးခြင်းများအား ဆင်ခြင်သင့်ပေသည်။

| | |
|---|---|
| ၁၆။ | وَأَكِيدُ كَيْدًا ۞<br>ငါသည်လည်း ဗျူဟာဖြင့် ဗျူဟာချနေ၏။ |
| ၁၇။ | فَمَهِّلِ الْكَافِرِينَ أَمْهِلْهُمْ رُوَيْدًا ۞<br>သို့ဖြစ်၍ ဖုံးကွယ်သူတို့အား ရေရှည်စိမ်ထားလော့၊  လိုသမျှ ရေရှည်စိမ်ထားလော့။ |